MELBOURNE FORUM
on Constitution-Building

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

THE UNIVERSITY OF MELBOURNE
CONSTITUTION TRANSFORMATION NETWORK



# ဗဟိုချုပ်ကိုင်မှုလျှော့ချထားသောစနစ်များတွင် အချိုးမညီသောနယ်မြေဒေသဆိုင်ရာအစီအမံများ

## အကျဉ်းချုပ်

ဤ***ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်***သည် ပြည်နယ်ဒေသတစ်ခုအပေါ် အခြားဒေသများနှင့် မတူကွဲပြားခြားနားစွာ ကိုင်တွယ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သို့မဟုတ် ဥပဒေရေးရာ အစီအမံများမှထွက်ပေါ်လာသော မေးခွန်းများကို ဆွေးနွေးထားသည်။ ဤသို့ မတူကွဲပြားခြားနားစွာကိုယ်တွယ်မှုကို တစ်ခါတစ်ရံတွင် ''ဘက်မညီ/အချိုးမညီမှုပုံစံ'' ဟု ဖော်ပြထားသည်။ အချိုးမညီမှုပုံစံသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံများ၏ လက္ခဏာတစ်ခုဖြစ်သည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်* မှ ကောက်နှုတ်ထားသည့် အချိုးမညီမှုဥပမာများတွင် အိန္ဒိယနိုင်ငံမှ ဂျမ်မူ နှင့် ကက်ရှမီးယား၊ အင်ဒိုနီးရှားနိုင်ငံမှ အာချေး၊ ဖိလစ်ပိုင်နိုင်ငံမှ ဘန်စမိုရိုဒေသ၊ ပါပူဝါနယူးဂီနီရှိ ဘူဂန်ဗေးလ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မလေးရှားရှိ ဆာဗား နှင့် ဆာရာဝက်ခ် ဒေသ၊ တီမောလာစ်တီ ရှိ Oecusse ဒေသအရေးတို့ ပါဝင်သည်။

## ဤစာစဉ်များ အကြောင်း

**အာရှနှင့် ပစိဖိတ်ဒေသတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ မဲလ်ဘုန်းဖိုရမ်**သည် Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်) နှင့် International IDEA တို့ ပူးပေါင်းစီစဉ်လုပ်ဆောင်သော စင်မြင့်တစ်ခုဖြစ်သည်။

၎င်းသည် ဒေသတစ်ဝှမ်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာပညာရှင်များနှင့် လက်တွေ့လုပ်ဆောင်သူများအား အတူတကွစုဝေးကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ကမ္ဘာလုံး ကျယ်ကျယ်ပြန့်ပြန့်နားလည်နိုင်စေရန် အရေးကြီးသည့် အကြောင်းအရာများအပေါ် အတွေးအမြင်များမျှဝေဖလှယ်နိုင်စေရန် ရည်ရွယ်သည်။

ဤစာစဉ်များသည် မဲလ်ဘုန်းဖိုရမ်တွင် ဆွေးနွေးခဲ့သော အတွေးအမြင်များကို လွယ်လင့်တကူလက်လှမ်းမီသိရှိနိုင်စေရန် လက်တွေ့အခြေပြုနည်းလမ်းဖြင့် ထည့်သွင်းဆွေးနွေးထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်များ*ကို ပိုမိုဖတ်ရှုလို၍ဖြစ်စေ မဲလ်ဘုန်းဖိုရမ်အကြောင်း ပိုမိုလေ့လာလို၍ဖြစ်စေ Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်)၏ အောက်ပါဝဘ်ဆိုဒ်သို့ သွားရောက်လေ့လာနိုင်ပါသည်။

<http://law.unimelb.edu.au/constitutional–transformations #mf >

## နိဒါန်း

ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်စာတမ်း*တွင် ပြည်နယ်ဒေသတစ်ခုအပေါ် အခြားဒေသများနှင့် မတူကွဲပြားခြားစွာကိုင်တွယ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သို့မဟုတ် ဥပဒေရေးရာအစီအမံများမှ ထွက်ပေါ်လာသောမေးခွန်းများကို ဆွေးနွေးထားသည်။ ဤသို့ မတူကွဲပြားခြားနားစွာကိုင်တွယ်ဆောင်ရွက်ခြင်းကို တစ်ခါတစ်ရံတွင် ''ဘက်မညီမှု/အချိုးမညီမှုပုံစံ'' ဟု ဖော်ပြထားသည်။ ၎င်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသုံးဝင်သော ကိရိယာတစ်ခု ဖြစ်နိုင်သည်။ ၎င်းသည် ပဋိပက္ခများ ဖြစ်ပွားပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရာတွင် အထူးအရေးပါနိုင်သည်။ သို့သော် သိသာထင်ရှားသည့် အကြောင်းပြချက်များကြောင့်လည်း အခြားဒေသများ၏မနာလိုမှု သို့မဟုတ် မကျေနပ်မှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေတွင် အချိုးမညီမှုအစီအမံများ ထည့်သွင်းပါက အချို့အခြေအနေများတွင် အခြားသောစိန်ခေါ်မှုများ ဖြစ်ပေါ်စေနိုင်သည်။

အချိုးမညီမှုပုံစံသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ၏ လက္ခဏာတစ်ခုဖြစ်သည်။ ဤ*ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်*သည် အချိန်၊ ဖြစ်စဉ်အကြောင်းအရာနှင့် နောက်ဆက်တွဲအကျိုးဆက်များကို အာရှနှင့် ပစိဖိတ်နေရာများတွင် မည်သို့မည်ပုံအသုံးပြုထားကြောင်းအပေါ် စူးစမ်းလေ့လာထားသည်။ ဒေသတွင်းကျင့်သုံးမှုများသည် ကမ္ဘာလုံးတဝှမ်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အတွေ့အကြုံကို နားလည်ရန်အတွက် အဓိကကျသည်။ အာရှနှင့်ပစိဖိတ်ရှိ အချိုးမညီမှုအစီအမံ အသုံးပြုခြင်းသည် အခြားဒေသများရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးအတွက် အသိပညာများရရှိစေပါသည်။

ဤဖွဲ့စည်းပုံအခြေခံဥပဒေ *အသေးစိတ်လေ့လာချက်*များမှ လေ့လာနိုင်သည့် အချိုးမညီမှုပုံစံဥပမာများတွင် အိန္ဒိယနိုင်ငံမှ ဂျမ်မူနှင့် ကက်ရှမီးယား၊ အင်ဒိုနီးရှားနိုင်ငံမှ အာချေး၊ ဖိလစ်ပိုင်နိုင်ငံမှ ဘန်စမိုရိုဒေသ၊ ပါပူဝါနယူးဂီနီရှိ ဗူဂန်ဗေးလ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မလေးရှားရှိ ဆာဗားနှင့် ဆာရာဝက်ခ် ဒေသ၊ တီမောလာစ်တီ ရှိ Oecusse ဒေသအရေးတို့ပါဝင်သည်။ ဤဥပမာများက တွေ့ရှိရသည့်အတိုင်း အချိုးမညီမှုပုံစံကို ကွဲပြားခြားနားသောစနစ်များဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုများ၊ အုပ်ချုပ်ရေးအာဏာခွဲဝေချထားပေးသောစနစ်များနှင့် ဗဟိုချုပ်ကိုင်

မှုရှိသော ပြည်နယ်များတွင် အသုံးပြုနိုင်သည်။ အချိုးမညီမှုပုံစံသည် မြန်မာနိုင်ငံနှင့် သီရိလင်္ကာ အပါအဝင် ဒေသတွင်းရှိပြည်နယ်များအတွက် အနာဂတ်တွင်အရေးပါလာနိုင်သော အချက်တစ်ချက် ဖြစ်သည်။

ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်*သည် အဓိကမေးခွန်း ၄ ခု အပေါ် အခြေခံသည် –

၁။ အချိုးမညီမှုပုံစံတွင် မည်သည့်အရာများ ပါဝင်သနည်း။

၂။ မည်သည့် အခြေအနေမျိုးတွင် ၎င်းသည်အသုံးဝင်သနည်း။

၃။ အချိုးမညီမှုပုံစံအတွက် မည်သည့် ဥပဒေဆောင်ရွက်ချက်မူဝါဒ လိုအပ်သနည်း။

၄။ အချိုးမညီမှုပုံစံကို အကောင်အထည်ဖော်ဆောင်ရွက်ရေးလမ်းစဉ်တွင် မည်သည့်ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်သနည်း။

## ၁။ အချိုးမညီမှုပုံစံတွင် မည်သည့်အရာများပါဝင်သနည်း။

### ၁.၁။ တန်းတူဖက်ဒရယ်ပြည်ထောင်စုစနစ် သို့မဟုတ် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးစနစ်

ဥပမာအားဖြင့် နိုင်ငံတစ်နိုင်ငံတည်းတွင် လူဦးရေပမာဏ၊ ကြွယ်ဝမှုချမ်းသာမှု၊ သဘာဝ အရင်းအမြစ်များထွက်ပေါ် ရရှိနိုင်မှုနှင့် နယ်မြေပိုင်ဆိုင်မှုအရ နယ်မြေဒေသပြည်နယ်များအကြား မလွှဲမရှောင်ကွဲပြားခြားနားမှုများရှိသည်။ အခြား ကွဲပြားခြားနားမှုများဖြစ်သော ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းကြောင်းနှင့် ဘာသာရေးကွဲပြားမှုများလည်း ရှိနိုင်သည်။ အကယ်၍ ဤကွဲပြားခြားနားမှုများကို အသေအချာမှတ်သားထားပါက 'အချိုးမညီမှုပုံစံ' ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများအတွက် အထောက်အကူဖြစ်နိုင်သည်။ သို့သော် ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်တွင် ဖော်ပြသွားမည့်အကြောင်းအရာအတွင်း ထိုကွဲပြားမှုများမှ ဖြစ်ပေါ်လာသောတင်းမာမှုများအကြောင်းပါဝင်ခြင်းမရှိပါ။

နိုင်ငံ၏ ပြည်နယ်အစိတ်အပိုင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များဖြင့် တန်းတူအဆင့်အတန်းထားဆက်ဆံသည့်အခါမျိုးတွင် တန်းတူညီမျှမှုပုံစံရှိခြင်းဖြစ်သည်။ ပြည်နယ်အများစုသည် တရားဝင်တန်းတူညီမျှမှုရှိနေမည်ဖြစ်သည်။ သို့သော်အချို့သောအခင်းအကျင်းများတွင် အချိုးမညီမှုပုံစံသည် အသုံးဝင်နိုင်သည်။ အချိုးမညီမှုပုံစံတွင် နိုင်ငံ၏ ပြည်နယ်အစိတ်အပိုင်းများမှ လုပ်ပိုင်ခွင့်အာဏာရရှိမှု မတူကွဲပြားခြားနားခြင်း သို့မဟုတ် အမျိုးသားအဆင့်အဖွဲ့အစည်းများနှင့် နိုင်ငံ၏အစိတ်အပိုင်းများအကြား ဆက်ဆံရေးမတူကွဲပြားခြားနားမှုများ ပါဝင်နိုင်သည်။

### ၁.၂။ အချိုးမညီသောဖက်ဒရယ်ပြည်ထောင်စုစနစ် သို့မဟုတ် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးစနစ်

အချိုးမညီမှုပုံစံတွင် ပုံမှန်အားဖြင့် နိုင်ငံတစ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဒေသများ၌ အခြားဒေသများထက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပိုမိုရရှိခြင်းတို့ပါဝင်သည်။ များသောအားဖြင့် အချိုးမညီမှုဆိုသည်မှာ ဒေသတစ်ခုသည် အခြားဒေသများထက် ယင်းပြည်နယ်ရှိ ပြည်သူလူထုအား အုပ်ချုပ်ရန် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး သို့မဟုတ် တစ်ခါတစ်ရံတွင် တရားစီရင်ရေးအာဏာများပိုမိုရရှိခြင်းကို ဆိုလိုသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွင် ကွဲပြားသော အုပ်ချုပ်မှုအစီအမံများဖြစ်သော တိုင်းပြည်၏ အခြားဒေသများထက် ဘဏ္ဍာရေးအရင်း

**အချိုးမညီမှုပုံစံတွင် ပုံမှန်အားဖြင့် နိုင်ငံတစ်နိုင်ငံ၏ အစိတ်အပိုင်း တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသောဒေသများ၌ အခြားဒေသ များထက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိခြင်း တို့ပါဝင်သည်။ များသောအားဖြင့် အချိုးမညီမှု ဆိုသည်မှာ ဒေသတစ်ခုသည် အခြားဒေသများထက် ယင်း ပြည်နယ်ရှိ ပြည်သူလူထုအား အုပ်ချုပ်ရန် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး သို့မဟုတ် တစ်ခါတစ်ရံတွင် တရားစီရင်ရေး အာဏာများ ပိုမိုရရှိခြင်းကို ဆိုလိုသည်။**

အမြစ်များကို ပိုမိုအသုံးပြုခွင့်နှင့် အခြားအမျိုးမျိုးသောအခွင့်ထူးများ (ဥပမာ-လူဝင်မှုကြီးကြပ် ရေးထိန်းချုပ်မှု) တို့လည်းပါဝင်နိုင်သည်။

ဖြစ်နိုင်ချေအခွင့်အလမ်းများကို ဥပမာတစ်ချို့ဖြင့် ဖော်ပြထားသည်။ ဥပမာ အင်ဒိုနီးရှား နိုင်ငံတွင် ပြည်နယ် ၃၄ ခုအနက် (မြို့တော်ဖြစ်သည့်) ဂျာကာတာ၊ အာချေး၊ ဂျိုဂျာကာတာ၊ ပါပူဝါနှင့် အနောက်ပါပူဝါ စသောပြည်နယ် ၅ ခုသည် အထူးရပ်တည်ခွင့်အဆင့်အတန်းရှိသည်။ ထိုပြည်နယ်ငါးခုအနက် အာချေးပြည်နယ်သည် အကျယ်ပြန့်ဆုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ဖြစ်သည်။ ပြည်နယ်တွင် ကိုယ်ပိုင်အလံ၊ အမှတ်အသားနှင့် ဓမ္မသီချင်းရှိပြီး ရှရီယာ ဥပဒေကို ဆက်လက်ကျင့်သုံးခွင့်ရှိသည်။ အာချေးပြည်နယ်အစိုးရသည် အမျိုးသားအဆင့် ကိစ္စ ရပ်များဖြစ်သော နိုင်ငံခြားရေးနှင့် ကာကွယ်ရေးမူဝါဒများမှအပ ပြည်သူ့ရေးရာကဏ္ဍများ အားလုံးကို အုပ်ချုပ်ပိုင်ခွင့်ရှိသည်။ ထို့ပြင် ၎င်းပြည်နယ်ပိုင်နက်နှင့် ပိုင်နက်ပင်လယ်များရှိ လက်ရှိနှင့် အနာဂတ်ဟိုက်ဒရိုကာဘွန် နှင့် အခြား သဘာဝအရင်းအမြစ်များမှရရှိသော ဘဏ္ဍာ ငွေ၏ ၇၀ရာခိုင်နှုန်းကို ရယူပိုင်ဆိုင်ခွင့်ရှိသည်။ နိုင်ငံတော်အထွေထွေအသုံးစရိတ်ဘတ်ဂျက်၏ ၂ ရာခိုင်နှုန်းနှင့်ညီမျှသော နိုင်ငံတော်ဘတ်ဂျက်မှ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့် ရန်ပုံငွေရရှိပိုင်ခွင့် လည်းရှိသည်။ ထို့အပြင် ၎င်းသည် နိုင်ငံ၏အခြားပြည်နယ်များတွင် တားမြစ်ထားသော ဒေသ ဆိုင်ရာနိုင်ငံရေးပါတီများကို ဖွဲ့စည်းပိုင်ခွင့်ရှိသည်။

အခြားဥပမာတစ်ခုမှာ မလေးရှားနိုင်ငံပင်ဖြစ်သည်။ ဆာဗားနှင့် ဆာရာဝက်ခ် ပြည်နယ် တို့သည် ၁၉၆၃ ခုနှစ် မလေးရှားသဘောတူညီချက်အရ ၁၉၆၃ ခုနှစ်တွင် မလေးရှားပြည်ထောင်စု သို့ ပေါင်းစည်းဝင်ရောက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို သက်ရောက်မှု ရှိခဲ့သည်။ ဤသဘောတူညီချက်အရ ၎င်းပြည်နယ်နှစ်ခုသည် နိုင်ငံတွင်းရှိ အခြားပြည်နယ်များ ၌ ဖက်ဒရယ်ပြည်ထောင်စုအစိုးရအာဏာအတွင်း ကျရောက်သော ဥပမာ အလုပ်အကိုင်နှင့် အလုပ်သမားရေးရာကိစ္စရပ်များ၊ ကုန်သွယ်ရေးကြောင်းသွားလာမှုဆိုင်ရာကိစ္စရပ်များ၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်နယ်ဥပဒေများနှင့် ပြည်နယ်တရားရုံးများ တည်ထောင်ခြင်းတို့နှင့်ဆိုင် သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် အချို့သောတရားစီရင်ရေးအာဏာများကို ရရှိ ထားသည်။ ဘဏ္ဍာရေးမညီမျှမှုလည်းရှိသည်။ ဆာဗားနှင့် ဆာရာဝက်ခ်တို့၏ အစိုးရဝန်ဆောင် မှုများအတွက် နှစ်စဉ်ထောက်ပံ့ကြေးများ ခံစားခွင့်ရှိသည်။ ၎င်းတို့သည် မြေများ၊ မိုင်းများ၊ သစ်တောများ၊ ရေပေးဝေမှုနှင့် ဖျော်ဖြေရေးတာဝန်များမှလည်း ထောက်ပံ့ကြေးများရရှိသည်။ ဆာဗားနှင့် ဆာရာဝက်ခ်သည် မလေးရှားရှိအခြားဒေသများမှ ၎င်းတို့ပြည်နယ်များသို့ ရွှေ့ပြောင်း နေထိုင်မှုကိုလည်း ထိန်းချုပ်ပိုင်ခွင့်ရှိသည်။ ၁၉၆၃ ခုနှစ် သဘောတူညီချက်၏ စည်းကမ်းချက် များကို အချိန်ကာလကြာလာသောအခါ လက်တွေ့ကျင့်သုံးမှု ယုတ်လျော့လာခဲ့သော်လည်း အချိုး မညီမှုအာဏာ အတိုင်းအတာတစ်ခုထိ ကျန်ရှိနေဆဲဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြန်လည် ထူထောင်ရေးကိုလေ့လာရန် အထူးလုပ်ငန်းအဖွဲ့ထူထောင်ရေးဆိုင်ရာနှင့်ပတ်သက်၍ ဆက်လက် ဆွေးနွေးမှုများ ပြုလုပ်နေသည်။

တတိယသာဓကမှာ တီမောလက်စ်တီနိုင်ငံမှ လေ့လာဖော်ပြထားခြင်းဖြစ်သည်။ တီမော လက်စ်တီတွင် လူမှုစီးပွားရေး အထူးဇုန်တစ်ခုဖြစ်သည့် Oecusse (SARO) အား အထူးအုပ်ချုပ်ရေးဒေသအဖြစ် ဥပဒေအမှတ် ၃/၂၀၁၄ ဖြင့် တည်ထောင်ခဲ့သည်။ ၎င်းသည် တီမောအစိုးရမှ SARO ဒေသ၏ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့စေမည့် မူဝါဒများနှင့် စည်းမျဉ်းများကို ပြဋ္ဌာန်းရေးလုပ်ပိုင်ခွင့်အာဏာများအပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် အထူးသီးသန့်တာဝန်နှင့် လုပ်ပိုင်ခွင့်အာဏာများကို အထူးဇုန်၏ အာဏာပိုင်များထံ လွှဲပြောင်းပေးအပ်စေခဲ့သည်။

### ၁.၃။ အမျိုးသားအဆင့် အင်စတီကျူးရှင်းများရှိ အချိုးမညီမှုပုံစံ

ဗဟိုအဆင့် အင်စတီကျူးရှင်းများ၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံတွင် နိုင်ငံဒေသအပိုင်းအခြားများ၏ အကျိုးစီးပွားကို ထင်ဟပ်စေသည့် နည်းလမ်းများဖြင့် အချိုးမညီမှုအစီအမံများ ရံဖန်ရံခါအသုံးပြုသည်ကို တွေ့ရတတ်သည်။ ဥပမာအားဖြင့် ဥပဒေပြုလွှတ်တော်တွင် အနည်းဆုံးရရှိရမည့် သီးသန့်ကိုယ်စားလှယ်နေရာများကို အာမခံထားခြင်း (သို့) နိုင်ငံ၏အချို့သော ပြည်နယ်အစိတ်အပိုင်းများမှ တရားသူကြီးများအား တရားရုံးတွင် ရာထူးကြီးသောနေရာများတွင် ခန့်အပ်ခြင်းပုံစံမျိုးတို့ ဖြစ်နိုင်သည်။ ဥပမာ၊ ဩစတြေးလျနိုင်ငံ တက်စ်မားနီးယားကျွန်းပြည်နယ်စုတွင် လူဦးရေပမာဏအပေါ်မမူတည်ဘဲ အနည်းဆုံးကိုယ်စားပြုမှု၏ အခြေခံဥပဒေဆိုင်ရာအာမခံချက်ကိုမှီခိုပြီး လွှတ်တော်ကိုယ်စားပြုအဖွဲ့တွင် အဖွဲ့ဝင်ငါးဦးကို ရွေးကောက်တင်မြှောက်သည်။ ကနေဒါတွင် တရားရုံးချုပ်တရားသူကြီးကိုးဦးအနက် အနည်းဆုံး ၃ ဦးသည် ပြည်နယ်ဘဂခုအနက် ဥပဒေရေးရာစနစ်ကွဲပြားမှုရှိသော ပြည်နယ်တစ်ခုဖြစ်သည့် ကွိဘက်မှဖြစ်ရမည်။

## ၂။ အချိုးမညီမှုပုံစံကို မည်သည့်အချိန်တွင် ထည့်သွင်းစဉ်းစားသင့်သနည်း။

အချိုးမညီမှုပုံစံကို ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းနှင့် ဒီဇိုင်းပုံစံအတွက် အသုံးဝင်သည့် ကိရိယာအဖြစ် ထည့်သွင်းစဉ်းစားရာတွင် ကွဲပြားခြားနားသော အကြောင်းအရာများစွာ လွှမ်းမိုးမှုရှိနိုင်သည်။ ယင်းအကြောင်းအရာများသည် အများအားဖြင့် တဖြည်းဖြည်း တိုးပွားလာကြသည်။ အောက်ပါတို့သည် အသုံးများသောအချက်များထဲမှ အချို့ဖြစ်သည်။

### ၂.၁။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခလျော့ပါးစေခြင်း

အချိုးမညီမှုပုံစံသည် ပဋိပက္ခလျှော့ချရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အသုံးဝင်နိုင်သည်။ အချိုးမညီမှုဆိုင်ရာအစီအမံများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့နှင့် ဆက်စပ်သော တောင်းဆိုမှုများဖြေရှင်းပေးနိုင်ခြင်း၊ ခွဲထွက်ရေး လှုပ်ရှားမှုများကို တုန့်ပြန်နိုင်ခြင်း၊ ဗဟိုအစိုးရနှင့် ပြည်နယ်ဒေသခွဲများအကြား ပဋိပက္ခများကို ဖြေရှင်းခြင်းနှင့် တစ်ချိန်တည်းမှာပင် ပြည်နယ်တစ်ခုလုံးကို တစ်စုတစ်စည်းတည်း ထိန်းသိမ်းခြင်းတို့ပါဝင်သည်။

ပါပူဝါနယူးဂီနီ သည် ဥပမာများထဲမှတစ်ခုဖြစ်သည်။ အကြမ်းဖက်ပဋိပက္ခများ ဆယ်စုနှစ်တစ်ခုနီးပါးကြာ ဖြတ်သန်းပြီးနောက် ဗူဂန်ဗေးလ်သည် ၎င်း၏ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ကိုယ်ပိုင်သမ္မတ၊ ကိုယ်ပိုင်ဥပဒေပြုလွှတ်တော်နှင့် တရားရုံးများရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်လာသည်။ ၁၉၇၅ ပါပူဝါနယူးဂီနီ အမျိုးသားဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုင်း ၁၄ အဖြစ်ထည့်သွင်းခဲ့ပြီး ၂၀၀၅ ဗူဂန်ဗေးလ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ထင်ဟပ်စေခဲ့သော ၂၀၀၁ ဗူဂန်ဗေးလ် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ပါပူဝါနယူးဂီနီအစိုးရမှ ဆက်လက်ကျင့်သုံးမည့် လုပ်ပိုင်ခွင့်အာဏာဇယားကို ဖော်ပြထားသော်လည်း ကြွင်းကျန်အာဏာအားလုံးကို ဗူဂန်ဗေးလ်က ရရှိပါသည်။ အထူးသဖြင့် ၎င်းကြွင်းကျန်အာဏာတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ (အထူးသဖြင့် သယံဇာတတူးဖော်ရေးလုပ်ငန်းများနှင့် ဆက်စပ်၍) အငြင်းပွားဖွယ်ရာ ပဋိပက္ခဖြစ်ခဲ့သောကြောင့် "ဗူဂန်ဗေးလ်ကပြည်နယ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျှောက်ထားမှုအပေါ် ဆုံးဖြတ်ပိုင်ခွင့်အာဏာ"ကို ဗူဂန်ဗေးလ်အား အထူးပေးအပ်ထားခြင်းတို့ ပါဝင်သည်။ ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ၂၀၁၅ ခုနှစ် ဇွန်လမှ နောက်ငါးနှစ်အတွင်းဖြစ်သော ၂၀၁၉ ဇွန်လ ၁၅ ရက်နေ့တွင်

**အာဏာခွဲဝေပေးသောအစီအစဉ်များသည် အများအားဖြင့် နိုင်ငံတစ်ဝှမ်းရှိ နယ်မြေများပိုင်းခြားရာတွင် ဘာသာရေး၊ လူမျိုးရေး သို့မဟုတ် အခြားယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုတို့နှင့် ပတ်သက်သက်ဆိုင်လေ့ရှိသည်။ ထိုကဲ့သို့သော အခြေအနေများတွင် အချိုးမညီမှုပုံစံသည် လူမှုအဖွဲ့အစည်းများ၏ ကွဲပြားခြားနားသော လိုအပ်ချက်နှင့်ကိုက်ညီရန် တောင်းဆိုမှုများကို ဖြေရှင်းပေးရာတွင်လည်း အသုံးဝင်နိုင်သည်။**

ပြုလုပ်မည့် ဘူဂေးဗီးလ်၏ လွတ်လပ်စွာဆန္ဒခံယူပွဲနေ့ သတ်မှတ်ထားရှိခြင်းအချက်လည်း ဖော်ပြပါရှိသည်။

အချိုးမညီမှုပုံစံကို ပဋိပက္ခလျော့ချရန်အသုံးပြုသည့် အခြားကွဲပြားခြားနားသော ဥပမာတစ်ခုမှာ အိန္ဒိယမှ ဂျမ်မူးနှင့် ကက်ရှမီးယားတို့ ဖြစ်သည်။ ဤဒေသသည် ၁၉၄၇ ခုနှစ် အိန္ဒိယနယ်နိမိတ်ခွဲဝေခြင်းမှစ၍ အိန္ဒိယနှင့်ပါကစ္စတန်အကြား ပြင်းထန်စွာအငြင်းပွားမှုများ ဖြစ်ပွားခဲ့သည်။ ပြည်နယ်တိုင်းဒေသများမှ အိန္ဒိယပြည်ထောင်စုနှင့်ပူးပေါင်းခဲ့သည့် အခြေအနေများကို အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၀ အရ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဆင့်အတန်း ပြဋ္ဌာန်းချက်တွင် တွေ့နိုင်သည်။ ယခုအခါ ပုဒ်မ ၃၇၀ အရ ပြည်နယ်၏ အချိုးမညီသောကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ရာသက်ပန် အကျိုးဝင်မှုရှိသော ပြဋ္ဌာန်းချက်ဖြစ်သည်။

## ၂.၂။ ယဉ်ကျေးမှုပေါင်းစုံစနစ်နှင့် မတူကွဲပြားမှုများကိုစီမံခန့်ခွဲခြင်း

အာဏာခွဲဝေပေးသောအစီအစဉ်များသည် အများအားဖြင့် နိုင်ငံတစ်ဝှမ်းရှိ နယ်မြေများပိုင်းခြားရာတွင် ဘာသာရေး၊ လူမျိုးရေး သို့မဟုတ် အခြားယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုတို့နှင့် ပတ်သက်သက်ဆိုင်လေ့ရှိသည်။ ထိုကဲ့သို့သော အခြေအနေများတွင် အချိုးမညီမှုပုံစံသည် လူမှုအဖွဲ့အစည်းများ၏ ကွဲပြားခြားနားသော လိုအပ်ချက်နှင့်ကိုက်ညီရန် တောင်းဆိုမှုများကို ဖြေရှင်းပေးရာတွင်လည်း အသုံးဝင်နိုင်သည်။ ဥပမာ ဖိလစ်ပိုင်နိုင်ငံတွင် ဘန်စမိုရို အခြေခံဥပဒေ (Bangsamoro Basic Law) သည် အထူးသဖြင့် ကတ်သလစ်ဖိလစ်ပိုင်အများစုလွှမ်းမိုးသည့် လူမှုအသိုင်းအဝိုင်းအတွင်း အစိတ်အပိုင်းတစ်ခုအဖြစ်သာ ရပ်တည်နေထိုင်သော မွတ်စ်လင်မ်မင်ဒါနာအိုများအား သီးသန့်အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများပေးအပ်ကာ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုအဖြစ် ဖွဲ့စည်းထားသည်။ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် အိန္ဒိယ၏ ထူးခြားသောလူမျိုးစုအသိုင်းအဝိုင်းများ၏ အထူးအုပ်ချုပ်မှုလိုအပ်ချက်များကို ပံ့ပိုးရန် အချိုးမညီသော ပြည်နယ်အဆင့်စီမံခန့်ခွဲမှုအစီအစဉ်များ ပါဝင်သည်။

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း ပါပူဝါတွင် အင်ဒိုနီးရှားလူမျိုးများနှင့် ယဉ်ကျေးမှု၊ သမိုင်းကြောင်းအရ ကွဲပြားခြားနားမှုရှိသော ပါပူဝါလူမှုအသိုင်းအဝိုင်း၏ ခွဲထွက်ရေးတောင်းဆိုချက်များကို ပြေလည်စေရန် (အကောင်အထည်ဖော်မှုအားနည်းခဲ့သည့်) အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်အစီအမံများကို ပြဋ္ဌာန်းခဲ့သည်။ ဤအစီအမံများနှင့်အညီ ဒေသခံပါပူဝါလူမျိုးများသာ အုပ်ချုပ်ရေးမှူးနှင့် ဒုအုပ်ချုပ်ရေးမှူးရာထူးတွင် ရွေးကောက်တင်မြှောက်ခံရနိုင်ပြီး ဂျာဗားနီးယားနှင့် အခြားအင်ဒိုနီးရှားလူမျိုးစုများကိုမူ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပေးချေ။ ရိုးရာ သို့မဟုတ် ဓလေ့ထုံးတမ်းခေါင်းဆောင်များအတွက် အဖွဲ့ဝင်နေရာ၏ သုံးပုံတစ်ပုံကိုလည်းကောင်း၊ အမျိုးသမီးများအတွက် သုံးပုံတစ်ပုံအားလည်းကောင်း၊ ကျန်သုံးပုံတစ်ပုံအား ဘာသာရေးအဖွဲ့အစည်းများအတွက်လည်းကောင်း စုဖွဲ့ထားသည့် အင်ဒိုနီးရှား၏ အခြားနေရာများတွင်မရှိသော ပြည်နယ်အဆင့် ပါပူဝါပြည်သူ့ညီလာခံအဖွဲ့သစ် (MRP)ကိုလည်း ဖွဲ့စည်းခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ အချို့သောဒေသများ၏ ယဉ်ကျေးမှုဝိသေသလက္ခဏာရပ်များအား အခိုင်အမာအသိအမှတ်ပြုရန် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်အစီအစဉ်များအား မည်သို့မည်ပုံအသုံးပြုနိုင်သည်ကို ဖော်ပြနိုင်သော အင်ဒိုနီးရှားရှိအာချေးသည် အခြားသော ဥပမာတစ်ရပ်ဖြစ်သည်။ အာချေးပြည်နယ်၏ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်အနေအထားသည် သူ၏ကွဲပြားသော နိုင်ငံရေး၊ ဘာသာရေးနှင့် လူမျိုးရေးလက္ခဏာများကို ထင်ဟပ်စေသည်။ အာချေးပြည်နယ်ရှိ မွတ်စလင်များသည် အင်ဒိုနီးရှားရှိ အခြားဒေသများထက် ပုံမှန်အားဖြင့် ပိုမိုဘာသာရေးကိုင်းရှိုင်းသည်ဟု မှတ်ယူနိုင်သည်။ ထို့အတူ *အာချေးပြည်နယ်၏အုပ်ချုပ်မှုဥပဒေအမှတ် ၆/၂၀၀၆* အရ အာချေး

**ပြည်နယ်တစ်ခုသည် ဖက်ဒရယ် ပြည်ထောင်စုစနစ်၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးစနစ် သို့မဟုတ် တစ်ပြည်ထောင်စနစ်တို့ဖြစ်စေကာမူ အချိုးမညီမှုပုံစံများကျင့်သုံးနိုင်သော်လည်း အချိုးမညီမှုအစီအမံများရေးဆွဲရာတွင် သက်ဆိုင်ရာနိုင်ငံသည် ယင်းနိုင်ငံတွင်းကျင့်သုံးသောစနစ်ပုံစံကို ထည့်သွင်းစဉ်းစားသင့်သည်။**

ပြည်နယ်သည် ရုရှားဥပဒေကို ကျင့်သုံးပိုင်ခွင့်ရှိသော အင်ဒိုနီးရှားနိုင်ငံ၏ တစ်ခုတည်းသော ပြည်နယ်ဖြစ်သည်။

### ၂.၃။ အခြားအကြောင်းခြင်းရာများကြောင့် တမူကွဲပြားသောနယ်မြေများ

နိုင်ငံ၏အစိတ်အပိုင်းများတွင် အချိုးမညီမှုကျင့်သုံးထားရှိရသည့် အခြားကွဲပြားသော အကြောင်းပြချက်များစွာရှိသည်။

အချိုးမညီမှုအစီအမံများကို ပထဝီအနေအထားအရ နိုင်ငံ၏ ကျန်ပြည်နယ်များအားလုံးနှင့် သီးခြားကွဲထွက်နေသော နယ်မြေအစိတ်အပိုင်းများအတွက် ချမှတ်နိုင်သည်။ ဥပမာတစ်ခုမှာ တီမောလာစ်တီ ရှိ Oecusse ပင်ဖြစ်သည်။ တစ်နိုင်ငံလုံး အတူတကွမျှဝေတည်ရှိသော အနေအထား ကိုထင်ဟပ်စေရန်နှင့် တစ်နိုင်ငံလုံးဆိုင်ရာအစိုးရအဖွဲ့များ စုပေါင်းတည်ရှိရာ အထူးအခြေအနေရပ်များကိုဖော်ညွှန်းရန် နိုင်ငံ၏အုပ်ချုပ်ရေးမြို့တော်ဒေသများတွင်လည်း အချိုးမညီမှုကို တခါတရံ အသုံးပြုနိုင်သည်။ အိန္ဒိယမှ ဒေလီမြို့တော်သည် ဥပမာတစ်ခုဖြစ်သည်။

အချိုးမညီမှုပုံစံသည် ကွဲပြားခြားနားသော သမိုင်းရာဇဝင်အရ သို့မဟုတ် အခြားနိုင်ငံရေးအရ သိသာထင်ရှားမှုရှိသောနယ်မြေများ၏ စီမံအုပ်ချုပ်မှုတွင်လည်း အသုံးဝင်နိုင်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဟောင်ကောင်နှင့်မကာအိုသည် ဥပမာများဖြစ်သည်။ ထိုနယ်မြေများကို အင်္ဂလန်နှင့် ပေါ်တူဂီတို့က ကာလအတန်ကြာ အုပ်ချုပ်ခဲ့ကြသည်။ ၎င်းဒေသများသည် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအခြေအနေများဖြင့် တရုတ်နိုင်ငံအဖြစ် ပြန်လည်ခွဲထွက်ခဲ့ကြသည်။ တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ရေးဒေသများ (SAR) ဖြစ်သည့်အလျောက် ၎င်းတို့၏ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် စီမံအုပ်ချုပ်ရေးစနစ်များကို ၎င်းတို့ကိုယ်တိုင် ထိန်းသိမ်းထားပြီး ပြည်တွင်းအုပ်ချုပ်မှု၊ ကုန်သွယ်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အတိုင်းအတာတစ်ခုအထိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိကြသည်။ SAR ဒေသတစ်ခုချင်းစီတွင်လည်း ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာမဏ္ဍိုင်များရှိသည်။ သို့သော် နိုင်ငံခြားဆက်ဆံရေး နှင့် စစ်ရေးကိစ္စရပ်များသည် ပေကျင်းရှိ ဗဟိုအဆင့်ပြည်သူ့အစိုးရ၏လုပ်ပိုင်ခွင့်ဖြစ်ပြီး အပြီးသတ်ထိန်းချုပ်မှုကိုလည်း ရရှိထားသည်။

## ၃။ အချိုးမညီမှုပုံစံအား မည်သို့တည်ဆောက်မည်နည်း။

အချိုးမညီမှုပုံစံသည် ပုံမှန်အားဖြင့် ပြည်နယ်တစ်ခုအား အခြားပြည်နယ်များနှင့်မတူဘဲ ဥပဒေဆိုင်ရာ(နှင့်/သို့မဟုတ်) အင်စတီကျူးရှင်းဆိုင်ရာအစီအမံများ အသုံးပြုမှုစသည်တို့ ပါဝင်သော ဖွဲ့စည်းတည်ဆောက်မှုပုံစံဖြစ်သည်။ များသောအားဖြင့် ထိုသို့သော အစီအမံများကို အိန္ဒိယနှင့် ပါပူဝါ (PNG) ဒေသများကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် အခြေခံထားရှိသည်။ တခါတရံတွင် အင်ဒိုနီးရှား၊ တရုတ်နှင့် ဖိလစ်ပိုင်တို့ကဲ့သို့ အချိုးမညီမှုပုံစံသည် ဥပဒေပြဋ္ဌာန်းချက်အပေါ်တွင် များစွာမူတည်သည်။ ယင်းသို့ဥပဒေပြဋ္ဌာန်းခြင်းသည် အချို့သော အခြေအနေများတွင် အချိုးမညီမှုအစီအမံများအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စိန်ခေါ်မှုများကြောင့် အားနည်းစေပါသည်။

ပြည်နယ်တစ်ခုသည် ဖက်ဒရယ်ပြည်ထောင်စုစနစ်၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးစနစ် သို့မဟုတ် တစ်ပြည်ထောင်စနစ်တို့ဖြစ်စေကာမူ အချိုးမညီမှုပုံစံများ ကျင့်သုံးနိုင်သော်လည်း အချိုးမညီမှုအစီအမံများရေးဆွဲရာတွင် သက်ဆိုင်ရာနိုင်ငံသည် ယင်းနိုင်ငံတွင် ကျင့်သုံးသော စနစ်ပုံစံကို ထည့်သွင်းစဉ်းစားသင့်သည် (Kwa 2017)။

## ၃.၁။ ဖက်ဒရယ်ပြည်ထောင်စုများရှိ အချိုးမညီမှုအစီအမံများ

ဖက်ဒရယ်ပြည်ထောင်စုတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွမျှဝေအုပ်ချုပ်ခြင်း အစီအမံများကို ချမှတ်ပြဋ္ဌာန်းထားပေလိမ့်မည်။ ထိုကဲ့သို့သော အခြေအနေများတွင် အချိုးမညီမှုကျင့်သုံးရန် ရည်ရွယ်ထားသည့်အတွက် ယင်းအုပ်ချုပ်မှုများကွဲပြားစေရန် သီးခြား/တိကျသောပြဋ္ဌာန်းချက်များ လိုအပ်လိမ့်မည်။ ဥပမာအားဖြင့်၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကျင့်သုံးသော အိန္ဒိယနိုင်ငံ၏ 'ပြည်နယ်များ' အခန်းကဏ္ဍတွင် အိန္ဒိယရှိပြည်နယ်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အာဏာစံနှုန်းကို ဖော်ပြထားသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အထူးလုပ်ပိုင်ခွင့်အဆင့်အတန်းရှိသော ဂျမ်မူနှင့် ကက်ရှမီးယားပြည်နယ်တို့အား အတိအလင်းခြွင်းချက်ပေးထားသည်။ ဥပမာ "အခြေအနေအရ မလိုအပ်ပါက "ပြည်နယ်"ဟု ဖော်ပြချက်တွင် ဂျမ်မူနှင့် ကက်ရှမီးယားပြည်နယ်များမပါဝင်ချေ" ဟု ပြဋ္ဌာန်းထားသည်။ ဤအထူးလုပ်ပိုင်ခွင့်အဆင့်အတန်းကို ပုဒ်မ (၁) (ခ) (၂) က ပိုမိုအားကောင်းခိုင်မာစေသည်။ ယင်းပုဒ်မအရ (၁၉၄၈ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယပြည်ထောင်စုသို့ ပြည်နယ်များမှ ပူးပေါင်းဝင်ရောက်ရာတွင် ပူးပေါင်းဝင်ရောက်ရေးသတ်မှတ်ချက်တွင် ဖော်ပြထားသည့်အတိုင်း) ပါလီမန်လွှတ်တော်၏ ဂျမ်မူပြည်နယ်နှင့် ကက်ရှမီးယားပြည်နယ်များအတွက် နိုင်ငံခြားရေးရာကိစ္စများ၊ ကာကွယ်ရေး၊ ငွေကြေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေချမှတ်ပြဋ္ဌာန်းနိုင်သည့်အာဏာကို ကန့်သတ်ထားသည်။

## ၃.၂။ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော တစ်ပြည်ထောင်ပြည်နယ်များရှိ အချိုးမညီအစီအမံများ

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး အင်္ဂါရပ်များပါရှိသည့် တစ်ပြည်ထောင်နိုင်ငံတစ်နိုင်ငံတွင် တချို့သောပြည်နယ်အစိုးရများအား အချိုးမညီသော လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုများပေးအပ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုပြုလုပ်ရန် လိုအပ်နိုင်ဖွယ်ရှိသည်။

ပါပူဝါပြည်နယ်သည် ဥပမာတစ်ခုဖြစ်သည်။ မူလဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်အစိုးရထားရှိရေးစနစ်ကို Organic Law ဥပဒေဖြင့် ပြဋ္ဌာန်းတည်ထောင်ရန်လုပ်ဆောင်နိုင်ခဲ့သည်။ ဗူဂန်ဗေးလ် ပြည်နယ်ခွဲထွက်ရေးခြိမ်းခြောက်မှုသည် ပြည်နယ်စနစ်ထားရှိရေးမူဘောင်တစ်ရပ်ပြဋ္ဌာန်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမဆုံးပြင်ဆင်ချက်ပေါ်ထွက်စေခဲ့သည်။ နောက်ပိုင်းပြင်ဆင်ချက်များမှာ အာဏာခွဲဝေကျင့်သုံးရေးကို အားနည်းသွားစေသည့်အတွက် ဗူဂန်ဗေးလ်တွင် ပဋိပက္ခများဖြစ်ပေါ်စေပြီး လွတ်လပ်ရေးရယူရေးဖိအား ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ၂၀၀၁ ခုနှစ် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ဗူဂန်ဗေးလ်အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် အထူးသတ်မှတ်ထားရန်လိုအပ်ကြောင်းပါရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲများ ထပ်မံလုပ်ဆောင်ကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးခဲ့သည် (Wallis 2014)။

အာရှနှင့် ပစိဖိတ်ဒေသ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း ဒုတိယအကြိမ် မဲလ်ဘုန်းဖိုရမ်၌ Erik Kwa မှ ကောက်နှုတ်ထားသည့်အတိုင်း –

“ပါပူဝါနယူးဂီနီ ၏ အတွေ့အကြုံမှ သင်ယူခဲ့ရမည့်သင်ခန်းစာမှာ ကျယ်ပြန့်သောနိုင်ငံတစ်ခုရှိ မတူညီသောနယ်မြေဒေသအသီးသီးမှ ပြည်သူများအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကြီးမားသည့် ပြောဆိုခွင့်နှင့် စီမံအုပ်ချုပ်ခွင့်ရရှိလိုပါက ယင်းအခွင့်အရေးများကို ၎င်းတို့အားပေးအပ်ရမည်ဖြစ်သည်။ ထိုသို့ပေးအပ်ရာတွင် တိုင်းပြည်၏စည်းလုံးညီညွတ်မှု

ကို စွန့်လွှတ်စရာမလိုဘဲ အာဏာခွဲဝေရေးအဆင့်အမျိုးမျိုးအသုံးပြုကာ လုပ်ဆောင်နိုင်ပါသည်။ ထို့ကြောင့်နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်သည် စည်းလုံးညီညွတ်မှုကိုရရှိရန်နှင့် ထိန်းသိမ်းရန်အတွက် အာဏာခွဲဝေပေးမှုကို ပံ့ပိုးပေးရမည်” (Kwa 2017:4)။

## ၃.၃။ အာဏာခွဲဝေပေးခြင်းမရှိသော တစ်ပြည်ထောင်စုစနစ်၏ အချိုးမညီမှုအစီအမံများ

ဖွဲ့စည်းပုံအခြေခံဥပဒေက အာဏာခွဲဝေပေးမှုနှင့်ပတ်သက်၍ အနည်းငယ်သာဖော်ပြထားသော သို့မဟုတ် လုံးဝမပါရှိသည့် တစ်ပြည်ထောင်စနစ်ကျင့်သုံးသောနိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ကိုက်ညီသည်ဟုယူဆကာ Organic Law ဥပဒေပြဋ္ဌာန်းခြင်းဖြင့် အချိုးမညီမှုပုံစံကျင့်သုံးရန် ကြိုးပမ်းနိုင်သည်။ အကယ်၍ ဥပဒေအသစ်မှ ပြဋ္ဌာန်းထားသော အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်အဆင့်အတန်းသည် တစ်ပြည်ထောင်စုစနစ်မူများအပေါ် အကြွင်းမဲ့ အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ခွင့်ပြုထားခြင်းထက် များစွာကျော်လွန်နေပါက အခက်အခဲများကိုဖြစ်ပေါ်စေနိုင်သည်။

ဥပမာ ဖိလစ်ပိုင်တွင် အစိုးရနှင့် မိုရိုအစ္စလာမ်လွတ်မြောက်ရေးတပ်ဦး(MILF) အကြား ကြာရှည်စွာဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် ထွက်ပေါ်လာသော ၂၀၁၄ ငြိမ်းချမ်းရေးသဘောတူစာချုပ်တွင် မွတ်စလင်မင်ဒါနာအိုကိုလွှမ်းခြုံသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခု တည်ထောင်ရန် တောင်းဆိုခဲ့သည်။ ယင်းဒေသအားတည်ထောင်ရန် ဘန်စမိုရို အခြေခံဥပဒေ (Bangsamoro Basic Law) ကို မူကြမ်းရေးဆွဲခဲ့သည်။ သို့သော်အချို့သုံးသပ်သူများက BBL သည် ၁၉၈၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည်ဟုဝေဖန်ကြသည်။ (အဘယ်ကြောင့်ဆိုသော် ယင်းပြည်နယ်တွင် ပြည်ထောင်စုအဆင့်ကျင့်သုံးသောသမ္မတစနစ်နှင့် ကွဲပြားသော ပါလီမန်စနစ်ကို တည်ထောင်သောကြောင့်ဖြစ်သည်)။ အကယ်၍ ထိုထောက်ပြချက်များ မှန်ကန်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းအားဖြင့် ရှေ့နောက်မညီမှုများအား ဖြေရှင်းရန် လိုအပ်သည်။

## ၃.၄။ ပေါင်းစပ်အစီအစဉ်များ

အချိုးမညီသောအစီအမံများကို အကျိုးသက်ရောက်မှုရှိစေရန် ပေါင်းစပ်ချဉ်းကပ်နည်းကိုလည်း အသုံးပြုနိုင်သည်။ ဥပမာ ဟောင်ကောင်အုပ်ချုပ်ရေးစနစ်သည် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသဆိုင်ရာ (Basic Law) အခြေခံဥပဒေမှတစ်ဆင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ (Basic Law) အခြေခံဥပဒေသည် ဟောင်ကောင်၏ 'အသေးစား- ဖွဲ့စည်းပုံအခြေခံဥပဒေ' အဖြစ်ရပ်တည်ခဲ့ပြီး တရုတ်နှင့်ဗြိတိန်အကြား ၁၉၈၄ ခုနှစ် တရုတ်-ဗြိတိန်ပူးတွဲကြေညာစာတမ်းနှင့်အညီ ရေးဆွဲခဲ့သည်။

အလားတူပင် မကာအိုအထူးအုပ်ချုပ်ရေးဒေသ၏ (Basic Law) အခြေခံဥပဒေသည် မကာအို၏ အခြေခံဥပဒေဆိုင်ရာစာရွက်စာတမ်းဖြစ်ပြီး ၁၉၈၇ ခုနှစ် တရုတ်-ပေါ်တူဂီပူးတွဲကြေညာချက်နှင့်အညီ ရေးဆွဲခဲ့သည်။ ဥပဒေနှစ်ရပ်စလုံးသည် ဒေသတစ်ခုချင်းစီအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သော်လည်း ထိုဥပဒေများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက်မှ အတည်ပြုခဲ့သည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၃၁သည် တရုတ်နိုင်ငံတွင် ဥပဒေနှင့်အညီ အထူးအုပ်ချုပ်ရေးဒေသများ တည်ထောင်ရန် ခွင့်ပြုသည်။

**မည်သည့်အချိုးမညီသော နည်းလမ်းနှင့် အမျိုးအစားကို အသုံးပြုသည်ဖြစ်စေ ဒေသ တစ်ခုသည် အပ်နှင်းထားသော အခွင့်အာဏာကို ကျင့်သုံး နိုင်သည့် စွမ်းရည်ရှိကြောင်း သေချာရန် အထူးလိုအပ်သည်။**

# ၄။ အချိုးမညီမှုကို အကောင်အထည်ဖော်ရာတွင် မည်သည့်ပဋိပက္ခများ ပေါ်ပေါက်လာနိုင်သနည်း။

## ၄.၁။ အခြားဒေသများမှ အလားတူတောင်းဆိုမှုများ

အချိုးမညီမှု၏ စိန်ခေါ်မှုအဖြစ်ဆုံးအချက်တစ်ခုမှာ ထိုကဲ့သို့သောအစီအစဉ်များသည် တခါတရံတွင် တိုင်းပြည်တစ်ပြည်၏ စည်းလုံးညီညွတ်မှုကို ခြိမ်းခြောက်စေသည်ဟု ရှုမြင်ခြင်း ခံရနိုင်သော အချက်ပင်ဖြစ်သည်။

အာချေး၊ ဗူဂန်ဗေးလ် နှင့် မင်ဒါနာအို တို့၏ ဖြစ်ရပ်များအရ အချိုးမညီသောအစီအမံများ သည် ပဋိပက္ခနှင့်/သို့မဟုတ် ခွဲထွက်ရေးလှုပ်ရှားမှုများကို ပြေလည်စေရန်ဖြစ်ကြောင်း သက်သေ ပြခဲ့သည်။ ဗဟိုအစိုးရများသည် ၎င်းတို့အား အခြားဒေသဆိုင်ရာယူနစ်များမှ အာဏာကိုပိုမို လွှဲအပ်ရန် ထပ်ဆင့်တောင်းဆိုမှုများဖြစ်ပေါ်လာပါက ခွဲထွက်ရေးလှုပ်ရှားမှုများကို ကိုင်တွယ် ဖြေရှင်းရမည်ကို သတိပြုမှုစေသည်။

ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် အနောက်ပါပူဝါသည် ပိုမိုခိုင်မာသော ကိုယ်ပိုင် အုပ်ချုပ်ခွင့် (နှင့်/သို့ လွတ်လပ်ရေး) ကိုဆက်လက်တောင်းဆိုကြသလို၊ ပါပူဝါနယူးဂီနီ နိုင်ငံ တွင်လည်း နိုင်ငံတစ်ဝှမ်းလုံးရှိ အခြားပြည်နယ်များသည် ဘူဂန်ဗေးလ်၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုမျက်မြင်ကြုံတွေ့ခဲ့ပြီး ဗဟိုမှကြီးမားသည့်လုပ်ပိုင်ခွင့်အာဏာရရန် တောင်း ဆိုခဲ့ကြသည်။မကြာသေးမီလများအတွင်း ပါပူဝါနယူးဂီနီ အစိုးရအနေဖြင့် အချို့သောသတ်မှတ် ချက်များနှင့်ကိုက်ညီပါက ပြည်နယ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိစေရန်ရည်ရွယ်ပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအစီအစဉ်ကို ရှေ့သို့တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် အပြုသဘောတုံ့ပြန် ခဲ့သည်။

## ၄.၂။ စွမ်းဆောင်ရည် (မရှိခြင်း)

ယေဘုယျအားဖြင့် လုပ်ပိုင်ခွင့်များကို ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းအပါအဝင် မည်သည့် အချိုးမညီသောနည်းလမ်းနှင့် အမျိုးအစားကို အသုံးပြုသည်ဖြစ်စေ ဒေသတစ်ခုသည် အပ်နှင်း ထားသောအခွင့်အာဏာကို ကျင့်သုံးနိုင်သည့်စွမ်းရည်ရှိကြောင်းသေချာရန် အထူးလိုအပ်သည်။ စွမ်းဆောင်ရည်ဟုဆိုရာတွင် အုပ်ချုပ်နိုင်မှု၊ အဖွဲ့အစည်းများ၏ ထိရောက်မှုနှင့် သမာဓိရှိမှု၊ ဘဏ္ဍာရေးအရင်းအမြစ် စီမံခန့်ခွဲနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

ပိုမိုကြီးမားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ဗဟိုမှလွှဲပြောင်းခြင်း သို့မဟုတ် ကိုယ်ပိုင် အရင်းအမြစ်များရယူသုံးစွဲခွင့် သို့မဟုတ် နည်းနှစ်မျိုးစလုံးဖြင့် အရင်းအမြစ်များ ပိုမိုခွဲဝေရရှိရန် လိုအပ်သည်။ အချိုးမညီမှုပုံစံ ရေးဆွဲချမှတ်ခြင်းနှင့် အချိုးမညီအစီအမံများသို့ ကူးပြောင်း လုပ်ဆောင်ခြင်းနှစ်ခုလုံးတွင် စွမ်းဆောင်ရည်ကိုထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

## ၄.၃။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှု

ဒေသတစ်ခု သို့မဟုတ် ဒေသများအတွက် အချိုးမညီအစီအမံများကို သာမန်ဥပဒေဖြင့် အကောင်အထည်ဖော်ခဲ့လျှင် ၎င်းအစီအမံများနှင့် ၎င်းတို့မှ ပေါ်ပေါက်လာသည့် နောက်ဆက်တွဲ အကျိုးဆက်များသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ၊ မရှိကို စဉ်းစားရန် လိုအပ်လိမ့်မည်။

ယင်းအချက်မှာ ဖိလစ်ပိုင်တွင် ပြဿနာတစ်ခုဖြစ်ခဲ့သည်။ ဘန်စမိုရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် အဆင့်ဆင့်ပြဋ္ဌာန်းခဲ့သည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း (တစ်ခါတစ်ရံတွင် အောင်မြင်စွာ) အဆိုပြုနိုင်မှုရှိခဲ့သည်။

ထိုဥပမာတွင် ပြသသည့်အတိုင်း ရှေ့နောက်ညီညွတ်မှုသည် ရှင်းလင်းပြတ်သားမှု ရှိနိုင်မည်မဟုတ်သော်လည်း တစ်နည်းအားဖြင့် တစ်ပြည်ထောင်ဖွဲ့စည်းပုံအခြေခံဥပဒေအရပေးအပ်နိုင်သည့် အချိုးမညီသော ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတိုင်းအတာအပေါ် ရိုက်ခတ်မှုရှိနိုင်သည်။ ထိုသို့အခြေအနေမျိုးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေ၏ တရားဝင်မှုကိုကာကွယ်ရန်နှင့် ၎င်းနှင့်ပတ်သက်၍မသေချာမှုများကိုဖယ်ရှားရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို လိုအပ်နိုင်သည်။

နောက်ထပ်ဥပမာတစ်ခုမှာ အင်ဒိုနီးရှားရှိ အာချေးဖြစ်သည်။ အာချေးတွင် သီးသာထင်ရှားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှဖြေရှင်းရန်လိုအပ်သည့် အင်ဒိုနီးရှား၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသောအချက်များ ပေါ်ပေါက်ခဲ့သည်။

ဥပမာအားဖြင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအား အာချေးရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တားမြစ်ထားသည့် အာချေးအုပ်ချုပ်ရေးဆိုင်ရာဥပဒေပုဒ်မ ၂၅၆ သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေးထားသည့် ဥပဒေဆိုင်ရာအခွင့်အရေးများကို ချိုးဖောက်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ တွေ့ရှိခဲ့သည်။

## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် ကမ္ဘာတစ်လွှားတွင် ရေရှည်တည်တံ့သော ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို အထောက်အပံ့ပေးရန် ရည်သန်ဆောင်ရွက်နေသည့် အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

## Constitution Transformation Network အကြောင်း

မဲလ်ဘုန်းဥပဒေကျောင်းအတွင်းရှိ Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်) သည် သုတေသီများနှင့် လက်တွေ့ပညာရှင်များကို အတူတကွစုဝေးစေလျက် ဖွဲ့စည်းပုံအခြေခံဥပဒေအကူးအပြောင်းဆိုင်ရာ ဖြစ်ရပ်ကို လေ့လာနိုင်စေရန် ဆောင်ရွက်သည်။ <http://law.unimelb.edu.au/constitutional–transformations>

## ရှင်းလင်းချက်

International IDEA ၏ ပုံနှိပ်ထုတ်ဝေသော စာတမ်းများသည် မည်သည့်အမျိုးသားရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက်များ လုံးဝမပါဝင်ဘဲ ထုတ်ဝေသော စာစောင်များဖြစ်သည်။ ဤစာစောင်တွင်ဖော်ကျူးထားသော အမြင်ရှုထောင့် များသည် International IDEA ၏ ရှုထောင့်ကို သော်လည်းကောင်း၊ IDEA ၏ ဘုတ်အဖွဲ့ဝင်များ၏ရှုထောင့်ကိုသော်လည်းကောင်း ကိုယ်စားမပြုပါ။ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်စာစောင်အတွင်းတွင် ဖော်ပြထားသည့် အမြင်ရှုထောင့်များသည် ပံ့ပိုးကူညီသော နိုင်ငံများ၏ အမြင်ရှုထောင့်ကိုသော်လည်းကောင်း ကိုယ်စားပြုခြင်းမရှိပါ။

## မူပိုင်ခွင့်

© International IDEA နှင့် Constitution Transformation Network ၂၀၂၁ ခုနှစ်မူပိုင်ဖြစ်သည်။
© အင်္ဂလိပ်ဘာသာကို ၂၀၁၈ ခုနှစ်မူပိုင်ဖြင့် ထုတ်ဝေသည်။

ဤစာအုပ်ကို ကွန်ပျူတာဖိုင်အနေဖြင့် Creative Commons Attribute–NonCommercial–ShareAlike 3.0 (CC BY–NC–SA 3.0) licence ဖြင့် ရယူနိုင်ပါသည်။ စီးပွားဖြစ်လုပ်ဆောင်ခြင်း မဟုတ်လျှင်၊ ဤမူရင်းစာအုပ်ကို သင့်တင့်လျောက်ပတ်စွာ ရည်ညွှန်းဖော်ပြလျက် ကူးယူခြင်း၊ ဖြန့်ချီခြင်း၊ ပေးပို့ခြင်း၊ စာသားများ ပြန်လည်စီစဉ်ခြင်း၊ ဆီလျော်အောင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ယင်းတို့ ပြုလုပ်ဖြန့်ဝေမည်ဆိုပါက ဤခွင့်ပြုချက်လိုင်စင်ကိုပင် အသုံးပြု၍ ဖြန့်ဝေရန်ဖြစ်ပါသည်။
ဤခွင့်ပြုချက်လိုင်စင်အကြောင်း ပိုမိုသိရှိလိုပါက Creative Commons website <http://creativecommons.org/licenses/by–nc–sa/3.0/> တွင် လေ့လာနိုင်ပါသည်။

ISBN : 978–91–7671–450–8 (Print)
ISBN : 978–91–7671–451–5 (PDF)
DOI : https://doi.org/10.31752/idea.2021.71

# ကိုးကားချက်များနှင့် အခြားဖတ်ရှုစရာများ

Butt, S. and Lindsey, T., *The Constitution of Indonesia: A Contextual Analysis* (Oxford: Hart Publishing, 2012)

Constitution Transformation Network and International IDEA, Second Melbourne Forum on Constitution Building in Asia and the Pacific, Manila, The Philippines, 3–4 October 2017, Interim Report, <https://law.unimelb.edu.au/constitution–al–transformations/MF/melbourne–forum–2017/interim–report>, accessed 5 October 2018

A. J. Harding and J. Chin (eds), *50 Years of Malaysia: Federalism Revisited* (Singapore: Marshall Cavendish International, 2014)

Kwa, E., ‘Devolution in Papua New Guinea’, Paper presented at ‘From Big Bang to Incrementalism: Choices and Challenges in Constitution Building’, Second Melbourne Forum on Constitution–Building in Asia and the Pacific, 3–4 October 2017, <https://law.unimelb.edu.au/__data/assets/pdf_ file/0011/2536544/PNG–Kwa.pdf>, accessed 11 October 2018

Wallis, J., *Constitution Making during State Building* (Cambridge: Cambridge University Press, 2014)

ဤစာတမ်းအား ဘာသာပြန်ထုတ်ဝေခြင်းကို နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဇင်ဘာ့ခ်အစိုးရ၊ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွီဒင်အစိုးရတို့မှပံ့ပိုးကူညီသည်။

Norwegian Embassy
LUXEMBOURG AID & DEVELOPMENT
Ministry for Foreign Affairs of Finland
Sweden Sverige